အောက်ပါ အချက်အလက်များသည် မူရင်းဂျပန်ဘာသာ စာသားကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။

# ၂၀၂၃ ခုနှစ်၊ မေ ၂၀ ရက်နေ့မှ

သတိပေး အဆင့် 4

# ခိုလှုံရန် ညွှန်ကြားချက်အရ ခိုလှုံခြင်း

## ခိုလှုံရန် တိုက်တွန်းချက်များကို ထုတ်ပြန်တော့မည်မဟုတ်ပါ။

| သတိပေးအဆင့် | | ခိုလှုံရန် သတင်းအချက်အလက် အသစ် | ခိုလှုံရန် သတင်းအချက်အလက် ရရှိမှု ယခင်စနစ် |
|---|---|---|---|
| 5 | ဘေးအန္တရာယ် ဖြစ်ပွားမှု/ ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ် | အရေးပေါ် လုံခြုံရေး ※1 ဆောင်ရွက်ချက်များ | ဘေးအန္တရာယ်ဖြစ်ပွားမှု သတင်းအချက်အလက်များ ဖြစ်ပွားမှုကို အတည်ပြုနိုင်သည်နှင့် ထုတ်ပြန်သည် |
| <သတိပေးအဆင့် ၄ ရောက်သည်နှင့် ခိုလှုံရန် ပြင်ဆင်ပါ> | | | |
| 4 | ဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေ မြင့်မားမှု | ခိုလှုံရန် ညွှန်ကြားချက် ※2 | ・ခိုလှုံရန်ညွှန်ကြားခြင်း (အရေးပေါ်)<br>・ခိုလှုံရန်တိုက်တွန်းခြင်း |
| 3 | ဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေ | သက်ကြီးရွယ်အို စသည်တို့ ခိုလှုံခြင်း ※3 | ခိုလှုံရန်ကြိုတင်ပြင်ဆင်မှု ၊သက်ကြီးရွယ်အိုနှင့် အခြားသော အထူးပြုစောင့်ရှောက်မှု လိုအပ်သည့် ပုဂ္ဂိုလ်စသည်တို့ကို စတင်ခိုလှုံစေခြင်းအတါက် အကြံပြုခြင်း |
| 2 | ရာသီဥတု ပိုမိုဆိုးရွားလာခြင်း | မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းဒီရေလှိုင်း မြင့်တက်ခြင်းတို့အတွက် အကြံပြုချက်များ (ဂျပန်နိုင်ငံ မိုးလေဝသဆိုင်ရာ ဌာန) | မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းဒီရေလှိုင်း မြင့်တက်ခြင်းတို့အတွက် အကြံပြုချက်များ (ဂျပန်နိုင်ငံ မိုးလေဝသဆိုင်ရာ ဌာန) |
| 1 | ရာသီဥတု ပိုမိုဆိုးရွားလာနိုင်ခြေ | သတိပေးချက်များ ဖြစ်ပွားနိုင်ခြေ (ဂျပန်နိုင်ငံ မိုးလေဝသဆိုင်ရာ ဌာန) | သတိပေးချက်များ ဖြစ်ပွားနိုင်ခြေ (ဂျပန်နိုင်ငံ မိုးလေဝသဆိုင်ရာ ဌာန) |

မှတ်ချက် ၁- သတိပေးအဆင့် 5 ကို အမြဲတစေ ထုတ်ပြန်ခြင်း မရှိပါ။ ဥပမာ စည်ပင်သာယာရေး အာဏာပိုင်များသည် ဘေးအန္တရာယ်၏ အခြေအနေကို တိကျစွာ လက်လှမ်းမီ သိရှိနိုင်ခြင်း မရှိ၍ဖြစ်သည်။

မှတ်ချက် ၂- ယခင်စနစ်အတိုင်း ခိုလှုံရန် တိုက်တွန်းချက် ထုတ်ပြန်သည့် အချိန်နှင့် တပြိုင်နက် ခိုလှုံရန် ညွှန်ကြားချက်ကို ထုတ်ပြန်မည်။

မှတ်ချက် ၃- သတိပေးအဆင့် 3 သည် သက်ကြီးရွယ်အိုစသည့် ပုဂ္ဂိုလ်များအနေနှင့် မိမိတို့ပြုမူဆောင်ရွက်မှုများကို စတင်ပြောင်းလဲနိုင်ရန် သို့မဟုတ် လိုအပ်ပါက ခိုလှုံနိုင်ရန်အတွက် ပြင်ဆင်ရန် သို့မဟုတ် မိမိတို့ အသက်အန္တရာယ်ကို ထိခိုက်နိုင်သည့် ခံစားမှုမျိုး ရရှိပါက မိမိတို့ဘာသာ ပြောင်းရွှေ့ခိုလှုံနိုင်ရန်အတွက် ဖြစ်သည်။

**သတိပေးအဆင့် 5 ဆိုသည်မှာ ခိုလှုံရန် ပြောင်းရွှေ့မှု မပြုလုပ်နိုင်တော့သည့် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေကို ဆိုလိုသည်။ သတိပေးအဆင့် 5 အရေးပေါ် လုံခြုံရေး ဆောင်ရွက်ချက်များ ထုတ်ပြန်သည့် အချိန်ထိ စောင့်ဆိုင်းခြင်း မပြုပါနှင့်။**

**ခိုလှုံရန် တိုက်တွန်းချက်များကို ထုတ်ပြန်တော့မည်မဟုတ်ပါ။ ယခုမှစ၍ သတိပေးအဆင့် 4၊ ခိုလှုံရန် ညွှန်ကြားချက်ရသည်နှင့် အန္တရာယ်ရှိသည့် နေရာများမှ နေထိုင်သူအားလုံး ပြောင်းရွှေ့ခိုလှုံသင့်သည်။**

**သက်ကြီးရွယ်အို သို့မဟုတ် မသန်စွမ်းသူများသည် ခိုလှုံရန် အချိန်ပို၍ လိုအပ်နိုင်သောကြောင့် သတိပေးအဆင့် 3၊ သက်ကြီးရွယ်အို စသည်တို့ ခိုလှုံရန် ညွှန်ကြားချက် ရသည်နှင့် အန္တရာယ်ရှိသော နေရာများမှ ပြောင်းရွှေ့ခိုလှုံသင့်သည်။**